


ဒုတိယအကြိမ်

mgyoe.com

အိုင်ယာလန်နိုင်ငံသမ္မတ "ဒီဗလားရား" အကြောင်း ဖြစ်ပါတယ်။

၁၉၀၀ ပြည့်နှစ်လောက်မှာ လွတ်လပ်ရေးအတွက် နိုးကြားလာကြတဲ့ အိုင်ယာလန်မှာ "အာမွန်ဒီဗလားရား"ကို ၁၈၈၂ မှာ မွေးဖွားပါတယ်။ ၁၉၁၀ ခုနှစ်မှာတော့ နိုင်ငံရေးအဖွဲ့အစည်းတွေ ဆက်သွယ်မိပြီး နိုင်ငံရေး စတင်ဆောင်ရွက်ခဲ့တယ်။ အတိုက်အခံနိုင်ငံရေးသမားတို့ရဲ့ သဘာဝအတိုင်း ထောင်အသီးသီးမှာ ထောင်ဒဏ်တွေ ခံစားခဲ့ရတယ်။

နောက်ဆုံးမှာတော့ တိုင်းပြည်နဲ့ လူမျိုးအပေါ် အမှန်စေတနာထားသူအဖို့ အမြင့်ဆုံးရာထူးကို အပ်နှင်းခြင်း ခံရပါတော့တယ်။

လွတ်လပ်ရေးကြိုးပမ်းနေတဲ့ မြန်မာနိုင်ငံအတွက် "ဒီဗလားရား" စာအုပ်ဟာ အဲဒီအချိန်က လမ်းညွှန်မှုတစ်ရပ်ပါပဲ။

ISBN9789997110107

NGN8

9 789997 110107

1,200.00KS

mgyoe.com

ဒီဝလားရား ဦးညိုပု
ပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၈၈+ မျက်နှာ၊ ၁၆ စင်တီ× ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၃၉ နဂါးနီထုတ် ပထမအကြိမ်မူ။

ရောင်းဈေး ၁၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဒိဗလားရား

ဦးညီပု

ဒုတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

နှစ်ပေါင်း ၈၀ ဝန်းကျင်ရှိ နဂါးနီစာအုပ်များကို
ပြန်လည်စီစဉ်ရိုက်နှိပ်ကြသည့်အခါ စာရေးသူ ဘာသာပြန်သူတို့၏
ကျန်ရစ်သူ မိသားစုဝင် မူပိုင်ရှင်များအား ရနိုင်သ၍ ဆက်သွယ်ကာ
ခွင့်တောင်းခံခြင်း၊ ဉာဏ်ပူဇော်ခပေးအပ်ခြင်းများ ပြုလုပ်ခဲ့သော်လည်း
အချို့မှာ ဆက်သွယ်ရ ခက်ခဲခဲ့ပါသည်။ သို့ဖြစ်ပါ၍ အခြေအနေအရ
ဆက်သွယ်ခွင့်တောင်းခံခြင်း မပြုနိုင်ခဲ့သည့် ကျန်ရစ်သူ မိသားစုဝင်
စာမူမူပိုင်ခွင့်ဆက်ခံသူများမှ ခွင့်လွှတ်ပါရန်နှင့်
ဉာဏ်ပူဇော်ခပေးအပ်လိုပါသဖြင့် စာအုပ်တိုက်သို့
ကျေးဇူးပြု၍ ဆက်သွယ်ပေးပါရန်
နှုးညွှတ်စွာ မေတ္တာရပ်ခံအပ်ပါသည်။

mgyoe.com

mgyoe.com



# ဒီဗလားရား

၁၉၃၉ ခုနှစ်ထုတ်။ စာမျက်နှာ ၁၂၀။

'ဒီဗလားရား' ဟာ အိုင်ယာလန်နိုင်ငံသမ္မတ ဖြစ်ပါတယ် ...။ သူ့အကြောင်း အတ္ထုပ္ပတ္တိစာအုပ် ဖြစ်ပါတယ်။

အိုင်ယာလန်ကျွန်းဟာ ဗြိတိန်ကျွန်းနဲ့ နီးကပ်စွာ တည်ရှိပေမဲ့ အိုင်ယာလန်ကျွန်း အိုင်းရစ်လူမျိုးတွေနဲ့ ဗြိတိန်ကျွန်း အင်္ဂလိပ်လူမျိုးတို့မှာ အနွယ်အဆက် ပင်ရင်းမူလအားဖြင့် အမျိုးမတူ ကွဲပြားခြားနားကြပါတယ်။ ဒုတိယမြောက် ဟင်နရီဘုရင်လက်ထက်မှာ အိုင်းရစ်ဘုရင်တွေ မညီမညွတ်ဖြစ်ပြီး အင်္ဂလိပ်မြို့စားကို အကူအညီခေါ်ပြီး တိုက်ပွဲဆင်နွှဲရာမှာ အောင်မြင်လို့ အင်္ဂလိပ်မြို့စားရဲ့ ဩဇာအာဏာကြီးမားလာတယ်။ ဒုတိယမြောက် ဟင်နရီဘုရင်က အဲဒီမြို့စားကို ဘုရင်ခံချုပ် ခန့်အပ်လိုက်တော့ အိုင်းရစ်လူမျိုးတွေဟာ ဗြိတိသျှလူမျိုးတွေရဲ့ ကျွန်ဘဝကို သက်ရောက်ကျဆင်းသွားရတော့တာပါပဲ။

၁၉၀၀ ပြည့်နှစ်လောက်မှ လွတ်လပ်ရေးအတွက် နိုးကြားလာတာကို တွေ့ကြရတယ်။ 'အာမွန်ဒီဗလားရား'ကို

mgyoe.com

mgyoe.com



၁၈၈၂ ခု၊ အောက်တိုဘာ ၁၄ ရက်မှာ မွေးဖွားပါတယ်။ ဖခင်က စပိန်လူမျိုး ပန်းချီဆရာပါ။ မိခင်က အိုင်းရစ် အမျိုးသမီးပါ။ အမေရိကန် နယူးယောက်မှာ ပန်းချီအလုပ်နဲ့ အသက်မွေးပါတယ်။ ဖခင်ကွယ်လွန်တော့ မိခင်က သားကို ကောင်းမွန်စွာ မကြည့်ရှု၊ မပြုစုနိုင်လို့ အိုင်ယာလန်က ဦးရီး တစ်ယောက်ဆီကို ပို့အပ်လိုက်ပါတယ်။

ဒီဗလားရားဟာ အိုင်ယာလန်နိုင်ငံ ရွိုင်ရယ်ယူနီဗာစီတီက ဘီအေ အောင်မြင်ပြီးနောက် ဆရာအဖြစ်လုပ်ကိုင်ရင်း အမ်အေကို ဆက်လက်တက်ရောက်ခဲ့ပါတယ်။ ၁၉၁၀ ခုနှစ်မှာတော့ နိုင်ငံရေးအဖွဲ့အစည်းတွေ ဆက်သွယ်မိပြီး နိုင်ငံရေး စတင်ဆောင်ရွက်ခဲ့တယ်။ အတိုက်အခံ နိုင်ငံရေးသမားတို့ရဲ့ သဘာဝအတိုင်း ထောင်အသီးသီးမှာ ထောင်ဒဏ်တွေ ခံစားခဲ့ရတယ်။

နောက်ဆုံးမှာတော့ တိုင်းပြည်နဲ့ လူမျိုးအပေါ် အမှန်စေတနာထားသူအဖို့ အမြင့်ဆုံးရာထူးကို အပ်နှင်းခြင်း ခံရပါတော့တယ်။

လွတ်လပ်ရေးကြိုးပမ်းနေတဲ့ မြန်မာနိုင်ငံအတွက် 'ဒီဗလားရား' စာအုပ်ဟာ လမ်းညွှန်မှုတစ်ရပ်လို ဖြစ်နေပါတော့တယ် ...။

ဝ

mgyoe.com

mgyoe.com

# မာတိကာ


အခန်း–၁

– အိုင်ရစ်လူမျိုးတို့ ကျွန်တွင်းသို့သက်ဆင်းခြင်း ၁

အခန်း–၂

– ဒီဗလားရားငယ်ရွယ်စဉ် အတ္ထုပ္ပတ္တိ ၅

အခန်း–၃

– နောက်ဆုံးအကြိမ် အိုင်ရစ်လူမျိုးတို့ လွတ်လပ်ရေး
ဆောင်ရွက်ရာတွင် ဒီဗလားရား ပါဝင်လာခြင်း ၁၃

အခန်း–၄

– ဒီဗလားရားနှင့် ပထမထောင် ၂၁

အခန်း–၅

– ဒီဗလားရားမှာ ပါလီမန်အမတ်နှင့်တကွ
အဖွဲ့အသီးသီးတို့၏ ဥက္ကဋ္ဌဖြစ်ခြင်း ၂၅

အခန်း–၆

– ဒီဗလားရားသည် သော့သုံးချောင်းလုပ်ပြီးမှ
ထောင်မှထွက်နိုင်ခြင်း ၃၀


mgyoe.com

mgyoe.com

အခန်း–၇

– သမ္မတဒီဗလားရားသည် သဘော်ဝမ်းတွင်း၌ ပုန်း၍လိုက်ရပြီးနောက် အမေရိကဟိုတယ်ကြီး၌ ခမ်းနားစွာနေရခြင်း ၄၁

အခန်း–၈

– ဒီဗလားရား ထောင်မှလွတ်ပြီး ထပ်မံဆူပူကြခြင်းနှင့် အင်္ဂလိပ်တို့ လျှော့ပေးပုံ ၄၆

အခန်း–၉

– ဒီဗလားရားနှင့် အခြားအိုင်ရစ်ခေါင်းဆောင်များ ကွဲပြားကြရာ မိမိ၏ဝါဒအတွက် အနစ်နာခံပုံ ၆၀

အခန်း–၁၀

– ဒီဗလားရားသည်အုပ်ချုပ်ရေး အာဏာရလျှင်ရချင်း အင်္ဂလိပ်အစိုးရကို ခုခံခြင်း ၇၀

အခန်း–၁၁

– ဒီဗလားရားသည် နိုင်ငံပေါင်းချုပ်အသင်းဥက္ကဋ္ဌ အဖြစ်ဖြင့်လည်းကောင်း၊ အိုင်ယာလိန်ဥက္ကဋ္ဌ အဖြစ်ဖြင့်လည်းကောင်း ဆောင်ရွက်ခြင်း ၇၄

အခန်း–၁၂

– အာမွန်ဒီဗလားရားခေါ်သောလူ ၈၅

ဝ

mgyoe.com

mgyoe.com

## အခန်း [ ၁ ]
## အိုင်ရစ်လူမျိုးတို့ ကျွန်တွင်းသို့သက်ဆင်းခြင်း

အိုင်ယာလန်နိုင်ငံ သမ္မတမင်း 'ဒီဗလားရား'၏ အတ္ထုပ္ပတ္တိကို ဖတ်ရှုရာတွင် ၎င်း၏ ကိုယ်စိတ်နှစ်ပါးလုံး ဒုက္ခအမျိုးမျိုးကိုခံ၍ အင်္ဂလိပ်တို့၏ ဖိနှိပ်ချုပ်ချယ်အုပ်စိုးခြင်းအောက်မှ ယခုအခြေအနေဖြစ်သည့် (အိုင်ရစ်ဖရီးစတိတ်) ခေါ် 'လွတ်လပ်သောအိုင်ရစ်နိုင်ငံ' အဖြစ်သို့ ၎င်းသမ္မတမင်း ထုတ်ယူတင်မြှောက်ခံခဲ့ရသော အိုင်ယာလန်နိုင်ငံ၏ ရှေ့ဖြစ်အကြောင်းကို အတိုချုပ်အားဖြင့် သိရှိရန်လိုအပ်ပေသည်။

အိုင်ယာလန်ကျွန်းနှင့် အင်္ဂလိပ်လူမျိုးတို့နေထိုင်ရာဖြစ်သော ဗြိတိန်ကျွန်းတို့မှာ နီးကပ်စွာ တည်ရှိကြသော်လည်း အိုင်ရစ်လူမျိုးတို့နှင့် အင်္ဂလိပ်လူမျိုးတို့မှာ အနွယ်အဆက်ပင်ရင်းမူလအားဖြင့် အမျိုးမတူကွဲပြားခြားနားကြပေသည်။ အိုင်ရစ်လူမျိုးတို့၏ ပင်ရင်းအနွယ်တို့မှာ 'ကဲ့ (လ–စ)' လူမျိုးများဖြစ်ကြ၍ ယခုအင်္ဂလိပ်ခေါ် ဗြိတိန်ကျွန်းသားတို့သည် များစွာ ရိုင်းလျက်ရှိစဉ်အခါကပင် ၎င်း 'ကဲ့ (လ–စ)' လူမျိုးတို့မှာ အတော်ယဉ်ကျေးသောအဖြစ်သို့ ရောက်ရှိနေသူများ ဖြစ်ကြလေသည်။ ထိုစဉ်ကာလ အိုင်ယာလန်ကျွန်းမှာ ထီးနန်းသီးခြားဘုရင်များ အုပ်စိုးလျက်ရှိကြရာ ဘုန်းတန်ခိုးခွန်အားကိုလိုက်၍ တစ်ဦးနှင့်တစ်ဦး လုယက်တိုက်ခိုက်လျက် ရှိကြလေသည်။ ၎င်းတို့အနက် 'မိ(သ)'နှင့် 'ကွန်နောက်'

mgyoe.com

mgyoe.com



ခေါ်နယ်များကို အုပ်စိုးသောဘုရင်သည် အားအင်အကြီးဆုံးဖြစ်၍ 'အမြင့်ဆုံးဘုရင်' (ဟိုက်ကင်း) ဟူသောဘွဲ့ကို ယူလေသည်။

ထိုအခါ အင်္ဂလန်နိုင်ငံတွင် ဒုတိယမြောက်–ဟင်နရီဘုရင် အုပ်စိုးလျက်ရှိ၍ ၎င်းမင်း၏လက်ထက်တွင် အိုင်ရစ်လူမျိုးများနှင့် အင်္ဂလိပ်လူမျိုးတို့ စတင်တွေ့ကြုံတိုက်ခိုက်ရန် အကြောင်းပေါ်ပေါက်လေသည်။ ၎င်းအကြောင်းမှာ အိုင်ယာလန်နိုင်ငံတွင် လက်အောက်ခံမင်းတစ်ပါးဖြစ်သော 'လိန်းစတားဘုရင်' သည် မိမိ၏အရှင်ဖြစ်သော 'ဟိုက်ကင်း' ကို ပုန်ကန်ခြားနားခြင်းငှာ အင်္ဂလိပ်–ဟင်နရီဘုရင်၏ အကြီးမားဆုံးမြို့စားတစ်ဦးဖြစ်သော 'စထရောင်းဘိုး' ခေါ် 'အားလ် အော့ပင်းဘရုတ်' ကို ပင့်ခေါ် ပူးပေါင်းတိုက်ခိုက်ကြရာ အောင်မြင်လတ်သော် 'စထရောင်းဘိုး' မှာ အိုင်ယာလန်တွင် ဩဇာတန်ခိုးကြီးမားလွန်းလျက်ရှိလေ၏။ မိမိ၏မြို့စားကြီး အားအင်ကြီးမားလွန်းမည်ကို စိုးရိမ်မကင်းဖြစ်သော ဟင်နရီဘုရင်သည် အိုင်ယာလန်ကိုတိုက်ခိုက်ရန် သွားသောအခါ တုံ့ပြန်တိုက်ခိုက်ခြင်းမပြုသဖြင့် 'စထရောင်းဘိုး' ကိုပင် မိမိ၏ ဘုရင်ခံချုပ်အဖြစ် အိုင်ယာလန်ကျွန်းကို အပ်နှင်းထားခဲ့၍ ပြန်လာခဲ့လေသည်။

ဤသည်ပင်လျှင် အိုင်ရစ်လူမျိုးတို့သည် အင်္ဂလိပ်တို့ကျွန်တွင်းသို့ ရှေ့ဦးစွာ သက်ဆင်းကျရောက်သော အချက်ပင်တည်း။ 'စထရောင်းဘိုး' သည် ကြီးမားခိုင်ခံ့သောခံတပ်ရဲတိုက်ကြီးများကို ဆောက်လုပ်၍ မိမိ၏နောက်ပါအကြီးအကဲများတို့အား နိုင်ငံအလုံး ခွဲဝေအပ်နှင်းပြီးလျှင် နယ်စားပယ်စား–မြေပိုင်ရှင်ကြီးများပြုလုပ်စေ၍ နိုင်ငံရင်းသား အိုင်ရစ်လူမျိုးများမှာ ၎င်းတို့၏ကျေးကျွန်အဖြစ် ဖိစီးညှဉ်းဆဲတိုင်း ခံရလေတော့သည်။

ထိုအုပ်ချုပ်နည်းဖြင့် အုပ်စိုး၍လာခဲ့ရာ ဘာသာရေးတွင်လည်း နောင်အခါ ထပ်မံဖိစီးနှိပ်စက်ခြင်းကို ခံရပြန်လေသည်။ အင်္ဂလိပ်လူမျိုး

mgyoe.com

mgyoe.com


တို့က ဘုရင်ဂျီဘာသာကို စွန့်ပယ်ကြသောအခါ အိုင်ရစ်လူမျိုးတို့က ဘုရင်ဂျီဘာသာတွင် တည်မြဲနေကြ၍ ဘာသာရေးဥပဒေအမျိုးမျိုးဖြင့် ချုပ်ချယ်ခဲ့လေသည်။ ဘုရင်ဂျီဘာသာဝင်များအား မည်သည့်ရာထူးကို မှမယူရခြင်း၊ ရှေ့နေရှေ့ရပ်မလုပ်ရခြင်း၊ အယုတ်ဆုံးအားဖြင့် မြင်းကောင်း ကိုပင် ပိုင်ဆိုင်ခွင့်မရခြင်းအားဖြင့် များစွာ ဖိနှိပ်ချုပ်ချယ်ခဲ့လေသည်။ ထိုအခါ အိုင်ယာလန်တွင် အင်္ဂလိပ်နှင့်စကော့လူမျိုးတို့သည် လာရောက် နေထိုင်ကာ ပစ္စည်းဥစ္စာပိုင်ဆိုင်ကြ၍ အိုင်ရစ်လူမျိုးတို့မှာ မိမိတို့နိုင်ငံကို စွန့်ခွာ၍ အမေရိကန်နိုင်ငံသို့ အမြောက်အမြား ရွှေ့ပြောင်းသွားရောက် ကြလေသည်။

၁၈၄၅ ခုနှစ်တွင် တစ်နိုင်ငံလုံး အာလူးပင်များပျက်စီးလတ်သော် ဒုဗ္ဘိက္ခန္တရကပ်ဆိုက်ရောက်ပြီးလျှင်များစွာ သေကျေကြကုန်၏။ မြေပိုင်ရှင် အဟောင်းများလည်း ပျက်စီးဆုံးပါး၍ လူသစ်များလက်သို့ မြေများ ပြောင်းရွှေ့ကျရောက်လေရာ ၎င်းတို့သည် မြေထောက်ခများကို တစ်နှစ် ထက်တစ်နှစ် တိုးတက်၍တောင်းယူခြင်းကြောင့် လုပ်ကိုင်ရင်း လုပ်သား တို့မှာ မိမိတို့၏ မျိုးစေ့၊ ကျွဲ၊ နွားများကိုပေးအပ်ရပြီးလျှင် လက်မဲ့ ထွက်ခွာသွားကြရလေသည်။

ဤသို့လျှင်နှစ်ပေါင်းများစွာပတ်လုံး အိုင်ရစ်လူမျိုးတို့မှာ ချမ်းသာကွက် တစ်ခဏမျှ မတွေ့ရဘဲ ဆူပူခြင်း၊ ဖိနှိပ်ခြင်းနှင့်သာ အသက်နှင့်အမျှနေခဲ့ကြရခြင်းကြောင့် အိုင်ရစ်လူမျိုးများ၏စိတ်တွင် မြေပိုင်ရှင်နည်းစနစ်သည် ၎င်းတို့၏သေမင်းဟူ၍ မှတ်ယူကြပြီးလျှင် မြေပိုင်ရှင်နှင့် အင်္ဂလိပ်အစိုးရကတစ်ဖက်၊ အိုင်ယာလန် နိုင်ငံရေး ခေါင်းဆောင်တို့ကတစ်ဖက် အပြတိုက်ခိုက်လျက်နေကြရာ ခရစ်နှစ် ၁၉၀၀ ပြည့်ခါနီး အခါကစ၍ တိတ်တိတ်ပုန်း လျှို့ဝှက်သောအသင်းများ အများအပြား ပေါ်ပေါက်လာကြလေသည်။

mgyoe.com

mgyoe.com


ထို့ပြင် အမျိုးသားအရေးကိစ္စအတွက် စတင်ပေါ်ပေါက်လာခဲ့ခြင်းတစ်ရပ်မှာ အိုင်ရစ်ဘာသာစကား ပြန်လည်တိုးပွားရေးကို 'ဆိုင်း၊ လေဒီဂရေး၊ ယိ (တ) 'အစရှိသောပုဂ္ဂိုလ်များက စတင်တည်ထောင်ခြင်းပင်ဖြစ်သည်။ ထိုကိစ္စမှအစ ကနဦး၌ ဘာသာစာပေအားပေးရန်ဟု ဆိုအပ်သော်လည်း နောင်အခါ၌ နိုင်ငံရေးသဘောများ စွက်ဖက်ပါဝင်လာပြီးလျှင် အမျိုးသားရေးတို့ လွတ်လပ်ရေးဆောင်ရွက်ရန် စတင်ပေါ်ပေါက်သောအချက် ဖြစ်လေသည်။

ဤကဲ့သို့ ဆိုးရွားသောအခြေအနေ၌ ဒီဗလားရားမှာ ကြီးပြင်းလာရ၍ မြေပိုင်ရှင်တို့၏ ရက်စက်ဆိုးရွားခြင်း အမျိုးသားတို့၏ ပင်ပန်းနွမ်းရိ မချိတင်ကဲအဖြစ်ကို စိတ်တွင်အမြဲစွဲလျက် နေပေလိမ့်မည်။ ၎င်းပြင် ငတ်မွတ်ခေါင်းပါးစဉ်အခါက အစာပြတ်၍ ကလေးသူငယ်မှစ၍ အများအပြား သေကျေပျက်စီးရခြင်းအကြောင်းတို့ကို ကြားသိ မှတ်သားရခြင်းဖြင့် နာကြည်းသောစိတ်မှာလည်း ငယ်စဉ်ကပင် စွဲမြဲ၍ ကြီးပြင်းလာရပေလိမ့်မည်။

၀

mgyoe.com

mgyoe.com

# အခန်း [ ၂ ]
# ဒီဗလားရားငယ်ရှယ်စဉ် အတ္ထုပ္ပတ္တိ

အိုင်ရစ်လူမျိုးတို့၏ ရှေးအထက်ရာဇဝင်တွင် သူတစ်ပါး၏ လက်အောက် ကျရောက်သက်ဆင်း၍ ကျွန်လူမျိုးအဖြစ် နှိပ်စက်ညှဉ်းဆဲခြင်းခံရသော အခြေအနေသို့ ရောက်ရှိနေခြင်းကို ကျွန်ုပ်တို့ တွေ့ခဲ့ရပေပြီ။ သို့ရာတွင် မည်သည့်လူမျိုးမဆို အတက်အကျရှိစမြဲ ဓမ္မတာဖြစ်၍ အိုင်ရစ်လူမျိုးများမှာလည်း ခရစ်နှစ် ၁၉၀၀ ကျော်မှစ၍ မိမိတို့ လွတ်လပ်ရေးကို ဖန်တီးရန် အခါအခွင့် တွေ့ရှိလာကြပေသည်။

ကျွန်ုပ်တို့မြန်မာလူမျိုးများမှာ နောက်နောင်အခါ ဖြစ်ပျက်မည့် အကြောင်းအရာများကို ရှေးပညာရှိတို့ ကွယ်ဝှက်၍ ရေးသားခဲ့သော သိုက်စာများဟူ၍ ရှိကြပေ၏။ ထိုနည်းအတူ အိုင်ရစ်လူမျိုးတို့မှာလည်း ရှေးနှစ်ပေါင်းရှစ်ရာခန့်က ၎င်းတို့၏ သူတော်ကောင်းပညာရှိဆိုသူ 'မလာချီ' က ရေးသားခဲ့သော သိုက်စာစကားများ ရှိပေသည်။ ထိုစကားများအနက် အဆိုတစ်ခုမှာ 'စပိန်လူမျိုးတစ်ယောက်က အိုင်ယာလန်နိုင်ငံကို ကယ်ဆယ်လတ္တံ့.' ဟူ၍ ပါရှိလေ၏။ ထိုစကား၏ အဓိပ္ပာယ်ကို အများပင် အဘယ်စကားဟု တွေးတော၍မရချေ။ သို့သော် အများကပင် ထိုစကားမှာ အဓိပ္ပာယ်ရှိလိမ့်မည်ဟု ထင်မှတ်ခဲ့ကြလေသည်။

သို့ရာတွင် ထိုသိုက်စာစကားမှာ ထူးထူးခြားခြား မှန်ကန်ရန်

mgyoe.com

mgyoe.com


ဖြစ်ပေါ်လာခဲ့ပေပြီ။ အကြောင်းကိုဆိုသော် ယခု ကျွန်ုပ်တို့သိကြသော အိုင်ယာလန်နိုင်ငံသမ္မတ 'ဒီဗလားရား' ၏ ဖခင်မှာ စပိန်လူမျိုးဖြစ်၍ နေလေသည်။

၎င်း၏မိခင်မှာမူကား အိုင်ရစ်အမျိုးသမီးတစ်ဦးပင် ဖြစ်ပေသည်။

ဖခင်ဖြစ်သူ စပိန်အမျိုးသား 'ဗစ်ဇီယင်းဒီဗလားရား' သည် အိုင်ယာလန်နိုင်ငံတွင် အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ပြု၍ အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့တွင် ပြောင်းရွှေ့ပြီးလျှင် ပန်းချီအလုပ်ဖြင့် အသက်မွေး၍ နေထိုင်ခဲ့ရာ ၁၈၈၂ ခု အောက်တိုဘာလ ၁၄ ရက်နေ့တွင် 'အာမွန်ဒီဗလားရား' ကို ဖွားမြင်လေသည်။ အာမွန် အရွယ်မရောက်မီပင် ဖခင် ဗစ်ဇီးယင်းမှာ ကွယ်လွန်၍ မိခင်ဖြစ်သူမှာလည်း သားငယ်ကို ကောင်းမွန်စွာ ကြည့်ရှုပြုစုရန် မလုံလောက်သဖြင့် ၎င်းအား အိုင်ယာလန်တွင်ရှိသည့် 'ပက်ထရစ်ကိုး(လ်) ခေါ် ၎င်း၏ဦးရီးတစ်ယောက်ထံ ပို့အပ်ထားရလေသည်။ သို့အတွက် 'အားမွန်ဒီ ဗလားရား' မှာ အိုင်ယာလန်သို့ ရောက်ရှိသော်လည်း ထိုစဉ်အခါက အမေရိကန်နိုင်ငံသားတစ်ဦး ဖြစ်ကြောင်းကို သတိပြုရာသည်။

ဦးရီးဖြစ်သူ ပက်ထရစ်ကိုး(လ်) မှာ တောတောင်စိမ့်စမ်း သာယာလှသော 'ဘရူရီ' အရပ်မှာ နေထိုင်ရကား။ ထိုအရပ်မှာ လူတို့၏စိတ်ကို ကြည်နူးလွမ်းဆွတ်စေ၍ ရှေးဟောင်းနှောင်းဖြစ်များကို ကြံတွေး စိတ်ကူးရန် နေရာကောင်းတစ်ခု ဖြစ်လေသည်။ အာမွန်ဒီဗလားရားကလေးမှာ အထူးသဖြင့် စိတ်ကူးဉာဏ် ထက်သန်သည့်လူကလေး ဖြစ်သဖြင့် ရှေးအခါက မိမိတို့လူမျိုးများနေထိုင်ရာ ထိုဒေသ၌ လူမျိုးခြားတို့ရန်ကို တွန်းလှန်တိုက်ခိုက်ခဲ့ရသည့် အကြောင်းများကို စာတွင်ဖတ်ရခြင်း၊ လူကြီးများပြောစကားကို ကြားရခြင်းတို့ဖြင့် လက်ငင်းတွေ့မြင်ရသည့် အလား အိပ်မက်သဖွယ် စိတ်တွင်ပေါ်လာပြီးလျှင် ထိုသူများနည်း ပြုလုပ်

mgyoe.com

mgyoe.com


ဆောင်ရွက်လိုသော ဆန္ဒများ ပေါ်ပေါက်ထားခဲ့ပေမည်။ ဒီဗလားရား ကိုယ်တိုင်ကပင် ထိုစဉ်အခါက မိမိသည် ကိုယ့်အစွမ်းနှင့် ကိုယ့်ထူးကိုယ်ချွန်၊ လက်ရုံးရည် နှလုံးရည်ဖြင့် မိမိတို့လိုရာ အောင်မြင်ခဲ့ကြသော 'ဝေါလေ့ (စ)'၊ 'နပိုလီယံ' စသောပုဂ္ဂိုလ်တို့အကြောင်းကိုဖတ်ရှု၍ များစွာ နှစ်သက်ပျော်မွေ့ခဲ့ကြောင်း မကြာခဏ ထုတ်ဖော်ပြောလေ့ ရှိလေသည်။ သို့ဖြစ်၍ အလွန်ငယ်ရွယ်စဉ်ကပင် 'အာမွန်' ကလေး၏စိတ်မှာ တိုက်ခိုက်လိုသောဆန္ဒများ မွေးမြူခဲ့လေသည်။

ခုနစ်နှစ်သားအရွယ်သို့ ရောက်သောအခါ ဘရူရီရွာကျောင်းတွင်ပင် စတင်ပညာသင်ကြား၍ မိမိတူကလေးမှာ ပညာဉာဏ် ထက်မြက်သည့်အပြင် စိတ်အားထက်သန်ကြောင်းကို ဦးရီးဖြစ်သူက တွေ့မြင်ရသောအခါ များစွာ နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်၏။ ၎င်းအား တတ်အားသမျှ ကြည့်ရှုစောင်မရန်သဘောထားကာ အသက်အရွယ် တစ်ဆယ့်သုံးနှစ်ခန့်ရှိလတ်သော် 'ချာလ်ဗီး(လ်)' မြို့ကျောင်းသို့ ရွှေပြောင်းအပ်နှံ သင်ကြားစေလေသည်။

ထိုကျောင်းတွင်လည်း ထက်မြက်ထူးချွန်သော ဉာဏ်ရှိသည်အလျောက် ဆုပေးချီးမြှင့်ခြင်းခံရ၍ ဒဗ္ဗလင်မြို့ ဘလက်ရော့(က်) ကောလိပ်တွင် ဆက်လက်ပညာသင်ကြားရေးအတွက် အစိုးရတို့ စရိတ်ထောက်ပံ့ခြင်းကို ခံယူရရှိလေသည်။ ထို့နောက် အိုင်ယာလန်နိုင်ငံ၏ ရွိုင်ရယ်ယူနီဗာစီတီတွင် ဘီအေ အောင်မြင်ပြီးနောက် ဆရာအဖြစ်ဖြင့် လုပ်ကိုင်ရင်းပင် အမ်အေ အတန်းသို့ ဆက်လက်သင်ကြားလေသည်။

ဒီဗလားရားမှာ ရှေးဦးစွာ ရော့(က်)ဝဲလ်ကောလိပ်တွင် အတွက်အချက်နှင့် လောကဓာတ် ပညာရပ်များဆိုင်ရာဘက်တွင် ဆရာအဖြစ်ဖြင့် လုပ်ကိုင်ရ၍ ထိုပညာရပ်များကို တပည့်များအား သင်ကြားပြသရာ များစွာတတ်စွမ်းကြောင်းနှင့် နာမည်ထင်ရှားခဲ့လေသည်။ ထိုကဲ့သို့

mgyoe.com

mgyoe.com


သူတစ်ပါးအား သင်ကြားပြသလျက်ပင် မိမိဆိုင်ရာ သင်ခန်းစာများကိုလည်း တိုးတက်သင်ယူ၍ အိုင်ရစ်ဘာသာ စာပေကျမ်းဂန်များကိုလည်း တစ်ပြိုင်တည်းပင် သင်ယူနိုင်အောင် တတ်မြောက်သည့် ဉာဏ်နှင့် ပြည့်စုံလေသည်။ မကြာမီက ဒီဗလားရား၌ မျက်စိဝေဒနာ ကပ်ရောက်ခြင်းမှာ ထိုကဲ့သို့ ငယ်စဉ်အခါက ပညာများအတွက် အလွန်အကြူး စာပေဖတ်ခြင်းကြောင့် ဖြစ်တန်ရာသည်။

ဆိုအပ်ခဲ့သော အိုင်ရစ်ဘာသာ စာပေစကားတို့ ပြန်လည်ပြန့်ပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြခြင်းသည် နောင်အခါ နိုင်ငံရေးကိစ္စအတွက် အထူးအရေးပါ အရာရောက်သော အချက်တစ်ရပ်ဖြစ်ကြောင်း တွေ့ရလေသည်။ သို့အတွက် အမျိုးသားဟူသမျှတို့သည် မိမိတို့ဘာသာစကား၊ စာပေကျမ်းဂန်တို့ကို ပေါ့ပေါ့ဆဆ မယူအပ်၊ ဘာသာစကား ပျက်ပြားက လူမျိုးလည်း တိမ်ကောပျောက်ပြယ်ဖြစ်၍ မိမိတို့ဘာသာစကားကို မပျောက်မပျက်ရလေအောင် အထူးသတိချပ်၍ စောင့်ရှောက်အပ်လေသည်။

အိုင်ယာလန်ပြည်သည် အနှစ်ကိုးရာခန့် အင်္ဂလိပ်တို့လက်အောက်၌ အုပ်စိုးခြင်းခံခဲ့ရလေရာ ဘာသာရင်းစကားမှာ တိမ်ကောပပျောက်မတတ် ဖြစ်ခဲ့ပြီးလျှင် ရုံးပြင်ကနား မြို့ကြီးများ၌ အိုင်ရစ် စကားကိုပင် နားမလည်ကြတော့ပေ၊ တောလက်ကျေးရွာ အစွန်အဖျား၌သာလျှင် ဘာသာရင်းစကားများကို ကြားရတော့သဖြင့် ဒီဗလားရားသည်လည်း ထိုဘာသာရင်းစကားများကို သင်ကြားလေ့လာရာတွင် ကျေးတောသား သက်ကြီးသူအိုများနှင့် ဘာသာရင်းစကား ပြောဆိုလေ့လာခြင်းပြုလေရာ ၎င်းတို့ပြောကြားသော ရှေးဟောင်းနှောင်းဖြစ် မိမိတို့လူမျိုး ဦးစီးခေါင်းဆောင်တို့၏ နိုင်ငံအတွက် ရဲရင့်စွာ တိုက်ခိုက်ခုခံခဲ့ခြင်း၊ ဒုက္ခဆင်းရဲခံခဲ့ကြခြင်းအကြောင်းများကို ဒီဗလားရားမှာ များစွာ စိတ်ဝင်စားခဲ့၍

mgyoe.com

mgyoe.com


အမျိုးဇာတိစိတ်မာန်များ အထူးထက်သန်ရန် အကြောင်းဖြစ်ခဲ့လေသည်။

နှစ်ပေါင်းများစွာပင် အိုင်ယာလန်နိုင်ငံမှာ ဗြိတိသျှတို့၏ ဖိစီးအုပ်စိုးခြင်းကို ခံခဲ့ရပြီးနောက် ခရစ်နှစ် ၁၈၀၀ တွင် (Act of Union) ခေါ် ညီညွတ်ရေးဥပဒေဖြင့် ဗြိသျှနိုင်ငံတို့ကို ပေါင်းစပ်ခြင်း ပြုလုပ်သောအခါ အိုင်ယာလန်နိုင်ငံတွင် သီးခြား ပါလီမန်ကို ဖျက်သိမ်း၍ အိုင်ရစ်လူမျိုးကိုယ်စားလှယ်အမတ်တို့မှာ လန်ဒန်မြို့ရှိ အင်္ဂလိပ်ပါလီမန်သို့သာ သွားရောက်တက်ရလေတော့သည်။ ထိုအခါ၌ အမျိုးသားတို့ လျှို့ဝှက်သော အသင်းအပင်းများ များစွာပေါ်ပေါက်ခဲ့၍ သူပုန်များလည်း ထကြွပြီးလျှင် ထကြွတိုင်းလည်း ဖိနှိပ်ကွပ်မျက်ခြင်းကိုသာ ခံခဲ့ကြရလေသည်။

ထို့ကဲ့သို့ ဖြစ်ပျက်နေခဲ့ပြီးနောက် ပါနယ် ခေါ် ခေါင်းဆောင်ကြီးသည် အိုင်ယာလန်ကို ဟုမ္မရူး ခေါ် သီးခြားကိုယ်ပိုင်အုပ်ချုပ်ရေးရရန် စတင်ကြိုးစားခဲ့လေသည်။ ထိုသို့ စတင်ကြိုးစားရငြားလည်း ပါနယ်မှာ မိမိတည်ထောင်ခဲ့သော ကိစ္စအောင်မြင်သည်ကို မတွေ့ရရှာဘဲ ကွယ်လွန်၍ ၎င်း၏အလုပ်ကို ၎င်း၏နောက်လိုက် 'ဂျွန်ရက်ဒမွန်' က ဆက်လက်ဆောင်ရွက်ပြန်လေသည်။ တချို့ နိုင်ငံရေးအမြင်သန်သည့် အင်္ဂလိပ်နန်းရင်းဝန်ကြီးတို့သည် အိုင်ယာလန်ကို အလွန်မဆိုးရွားမိ ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန် ကြိုးစားခဲ့ကြပါသော်လည်း အင်္ဂလိပ်လူမျိုး အများတို့၏ စိတ်သဘောထားသေးသိမ်မှုကြောင့် အချိန်မီ မအောင်မြင်ဘဲ ဟုမ္မရူးဥပဒေကျမ်း သုံးခုတိုင်တိုင် ပြုလုပ်ပြီးနောက် ၁၉၁၄ ခုနှစ်မှ ၎င်းဥပဒေကျမ်းမှာ ပါလီမန်တွင် အောင်မြင်လေတော့သည်။

သို့ရာတွင် ထိုအခါ၌ ကမ္ဘာစစ်ကြီး စတင်ပေါ်ပေါက်လာပြီဖြစ်သဖြင့် အုပ်ချုပ်ရေးကိုမစီမံနိုင်တော့ဘဲရှိခဲ့ရာ အချိန်နှောင်းပြီးလျှင် ၁၉၁၆ ခုနှစ် ကျရောက်သောအခါ ယခင်က အေးဆေးသော နည်းလမ်းတို့ဖြင့် တောင်းဆိုခဲ့သော အခြေအနေမျှနှင့် တင်းတိမ်ခြင်းမရှိတော့ဘဲ အိုင်ရစ်

mgyoe.com

mgyoe.com


လူမျိုးတို့သည် ဥပဒေကိုဖယ်ရှား၍ ဆူပူသောင်းကျန်းခြင်း ပြုကြလေတော့သည်။

ထိုစဉ်အခါက ဒီဗလားရားမှာ နိုင်ငံအုပ်ချုပ်ရေးတွင် တိုက်ရိုက်ပါဝင်ခြင်းမပြုရသေးဘဲ ပညာရေးဘက်၌သာ အထူးသဖြင့် ဆောင်ရွက်နေခဲ့လေသည်။

ခရစ်နှစ် ၁၈၉၃ ခုနှစ်က စတင်တည်ထောင်ခဲ့သော 'ဂဲလစ်လိဒ်' အသင်းမှာ အိုင်ရစ်လူမျိုးတို့ကို အင်္ဂလိပ်တို့အုပ်စိုးခြင်းမှ ဖယ်ကြဉ်ထွက်မြောက်ရန်ရည်သန်၍ အိုင်ရစ်လူမျိုးတို့ရှေးရိုးစဉ်လာ အဝတ်အစား၊ အနေထိုင်မှစ၍ ဘာသာစကားကို အားပေးရန် ရည်ရွယ်ချက်ဖြင့် အစပထမ တည်ထောင်သောအသင်း ဖြစ်လေသည်။ အုပ်ချုပ်ရေး လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ရည်ရွယ်ချက်ရှိသော်လည်း နည်းလမ်းမှာ အကြမ်းမဖက်ဘဲ အနုသက်သက်ဖြင့်သာစီမံ၍ ပညာရှိ အိုင်ရစ်လူငယ်များကို အမျိုးသားစိတ်သွင်းပေးရန်၊ နိုင်ငံရေး၊ ဘာသာရေးများနှင့်မသက်ဆိုင်ဘဲ စာပေကျမ်းဂန် ပညာရပ်များကိုသာ အရင်းခံပြုထား၍ တည်ထောင်ခဲ့လေသည်။ သို့ရာတွင် များမကြာမီပင် ငယ်ရွယ်သူအသင်းသားတို့မှာ အကြမ်းဖက်၍ ပုန်ကန်လိုသောသဘောများ ပေါ်ပေါက်လာကြလေသည်။

ဒီဗလားရားမှုကား ၁၉၁၀ ခုနှစ်လောက်ကစ၍ ထိုအသင်းက ဆောင်ရွက်လာခဲ့သော ပညာသင်အတန်းများတွင် ဆရာအဖြစ် သင်ကြားပို့ချ၍ နေခဲ့လေသည်။ သို့ပင်ဖြစ်စေကာမူ တိုင်းပြည်အုပ်ချုပ်ရေးကိစ္စဟူသည် မည်သူမျှ လုံးလုံးကင်းရှင်းအောင် နေနိုင်ကောင်းသောအမှုမဟုတ်ရကား၊ မကြာမီပင် နိုင်ငံရေးအုပ်ချုပ်မှုတို့နှင့်မကင်းဘဲ တွေ့ရှိလျက် လာရလေသည်။ အထူးသဖြင့် အုပ်ချုပ်စိုးမိုးလျက်ရှိသော လူမျိုးခြားတို့၏ အသုံးအဆောင်၊ ဘာသာစကားတို့ကို တွန်းဖယ် ဖြိုဖျက်ရေး

mgyoe.com

mgyoe.com


ကို ဆောင်ရွက်လျက်နေကြသောအခါ အုပ်ချုပ်မှုကိစ္စတို့မှာ မကြာမတင် ပင် ရောနှောပါဝင်သွားကြလေတော့သည်။

ထိုအခါ ဒီဗလားရားမှာ 'ဂဲလစ်လိ' တွင် ပါဝင်မိ၍ မကြာမီ အလားတူဖြစ်သော 'ဆင်ဖိန်း' ခေါ် အသင်းနှင့်လည်း ပူးပေါင်းရောယှက် မိလေသည်။ 'ဆင်ဖိန်း' ဟူသော အိုင်ရစ်စကားမှာ 'ငါတို့သာ' ဟူသော အဓိပ္ပာယ်ရှိလေသည်။ ၎င်းအသင်းကို ပညာဉာဏ် ထက်မြက်လှပေ သော 'အာသာဂရစ်ဖစ်' က ဦးစီး၍ ၁၉၀၂ ခုနှစ်တွင် စတင် တည်ထောင် ခဲ့၍ ၎င်း၏ မူလရည်ရွယ်ချက်မှာလည်း အကြမ်းမဖက်ဘဲ အနုနည်းဖြင့် အိုင်ယာလန်နိုင်ငံ၏ လွတ်မြောက်ရေးကို ဆောင်ရွက်ရန်ပင် ဖြစ်လေ သည်။ ထိုသို့ ဖိနှိပ်အုပ်ချုပ်လျက်ရှိသော အင်္ဂလိပ်တို့၏လက်မှ လွတ် မြောက်ရန် စိမ်ကြရာ အိုင်ရစ်လူမျိုးအစစ်များသည် အိုင်ယာလန်ကျွန်း တောင်ပိုင်းဘက်ကသာ အများပါဝင်၍ 'အာစတာ' ခေါ် မြောက်ပိုင်းက မပါမဝင်ခဲ့ချေ။ အကြောင်းမှာ ၎င်းမြောက်ပိုင်း 'အာစတာ' နယ်တွင် အင်္ဂလိပ်နှင့် စကော့လူမျိုးများ အများအပြား လာရောက်နေထိုင်လျက် ရှိသဖြင့် ၎င်းတို့ကမူ အင်္ဂလိပ်တို့နှင့် ခွဲခွာ၍ လွတ်မြောက်ရန်ကို လုံးလုံး သဘောမတူကြပေ။ 'ဂဲလစ်လိ' ၏ နည်းလမ်းမှာ အစက အကြမ်းမဖက် ဘဲ အိုင်ရစ်လူမျိုးတို့၏ ရှေးထုံးစံအတိုင်း အစားအသောက် အဝတ်တို့ကို လည်းကောင်း၊ အထူးသဖြင့် ဘာသာစကားကိုလည်းကောင်း၊ ပြန်လည် တည်ထောင်၍ အင်္ဂလိပ် အသုံးအဆောင်တို့ကို ပစ်ပယ်လျက် ၎င်းတို့ လက်မှ လွတ်မြောက်ရန် စိမ်ခြင်းဖြစ်သော်လည်း နောင်အခါ အသင်းတွင် ပါဝင်သော လူငယ်များတို့သည် အနုနည်းနှင့်သာ မဟုတ်ဘဲ အကြမ်း ဖက်၍ ပုန်ကန်ရန် စိမ်စပြုလာကြလေ၏။

အသင်း၏ ပညာသင်ကြားပေးရေးဘက်တွင် ဆရာအဖြစ် ဆောင် ရွက်လုပ်ကိုင်နေစဉ် ဒီဗလားရားသည် အိုင်ရစ်တိုင်းရင်းဘာသာ စကား

mgyoe.com

mgyoe.com



ကို ကောင်းမွန်စွာ တတ်မြောက်သူဖြစ်သည့်အလျောက် များစွာ အသုံးဝင်လေသည်။ ထိုအခါတွင် ဉာဏ်ပညာထက်မြက်သည့် ၎င်းနှင့်အတူ ဆရာအဖြစ် လုပ်ကိုင်လျက်ရှိသော မိန်းကလေးတစ်ယောက်နှင့် တွေ့ဆုံမိလေသည်။ ၎င်းမိန်းကလေး 'မစ္စဆင်နတ်ဖလင်နင်ဝိန်း' မှာ လိမ္မာရေးခြားရှိသည့်ပြင် စကားအပြောအဆို၌လည်း လည်ပတ်၍ သိမ်မွေ့တည်ကြည်သော အရည်အချင်းတို့သည် ဒီဗလားရား၏စိတ်ကို နူးညွတ်စေလေ၏။ မိန်းကလေးကလည်း အရပ်မြင့်မား၍ လူမျိုးခြား မျက်နှာပုံရှိသော ဒီဗလားရားကို မေတ္တာတုံ့ပြန်၍ ၎င်းတို့နှစ်ဦးမှာ မကြာမီ ထိမ်းမြားခြင်း ပြုကြလေသည်။

၀

mgyoe.com

mgyoe.com

# အခန်း [ ၃ ]
# နောက်ဆုံးအကြိမ် အိုင်ရစ်လူမျိုးတို့ လွတ်လပ်ရေးဆောင်ရွက်ရာတွင် ဒီဗလားရား ပါဝင်လာခြင်း

အထက်က အမြွက်မျှဖော်ပြခဲ့သည့်အတိုင်း အိုင်ယာလန်နိုင်ငံတွင် ပြည်သူပြည်သားတို့၏ စိတ်နေသဘောထား တစ်တိုင်းပြည်လုံး တညီတညွတ်တည်းမရှိဘဲ တောင်ပိုင်းတွင် အိုင်ရစ်လူမျိုးအစစ်တို့မှာ အင်္ဂလိပ်တို့၏လက်အောက်မှ လုံးလုံးလွတ်မြောက်၍ 'ရီပတ်ဗလစ်' ခေါ် သမ္မတနိုင်ငံအဖြစ် တည်ထောင်လိုသူများ ဖြစ်ကြ၏။ မြောက်ပိုင်း နယ်သူနယ်သားတို့မှာ အင်္ဂလိပ်နှင့် စကော့များဖြစ်ကြသည့်အတိုင်း အင်္ဂလိပ်အုပ်စိုးခြင်းကို နှစ်သက်သူများ ဖြစ်ကြလေသည်။ ၁၉၁၄ ခုနှစ်တွင် ဟုမ္မရူးအက်ဥပဒေကို အတည်ပြုလိုက်သောအခါ မြောက်ပိုင်း 'အာစတာ' နယ်သားတို့သည် အကယ်၍ အင်္ဂလိပ်က ဝင်ရောက်စွက်ဖက်ခြင်းကို လျှော့ပေး၍ အိုင်ယာလန်အစိုးရ သီးခြားအုပ်စိုးရလျှင် ၎င်းတို့မှာ နစ်နာရန် အကြောင်းရှိလိမ့်မည်ဟု ထင်မြင်ပြီးလျှင် မိမိတို့ကိုယ်ကို ကာကွယ်ရန် 'အာစတာဘော်လန်တီယာ' ခေါ် အာစတာ အပျော်တမ်းစစ်တပ်များ ဖွဲ့စည်းကြလေ၏။ တောင်ပိုင်းအိုင်ရစ်လူမျိုးတို့ကလည်း ထိုအဖွဲ့အစည်းကို ခုခံရန်အတွက် 'အိုင်ရစ်ဘော်လန်တီယာ' ခေါ် အိုင်ရစ် အပျော်တမ်းစစ်တပ်များကို ဖွဲ့စည်းကြလေသည်။ ဒီဗလားရားမှာ ထိုအိုင်ရစ်ဘော်

mgyoe.com

mgyoe.com


လန်တီရာအဖွဲ့တွင် ကပ္ပတိန်ဗိုလ်မှူးအဖြစ် ပါဝင်ဆောင်ရွက်လေသည်။ မည်သည့်အမှုကိစ္စ၌မဆို မိမိစိတ်က ဆောင်ရွက်ရန်ပြဋ္ဌာန်းပြီးလျှင် စိတ်အားထက်သန်စွာ ပြုလုပ်တတ်သော ဝါသနာရှိသည့်အတိုင်း အပျော်တမ်းစစ်တပ်အဖွဲ့သို့ဝင်မိလျှင် စစ်ရေးစစ်ရာနှင့်သက်ဆိုင်သည့် အကြောင်းအရာတို့ကို အထူးတလည် ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်လေသည်။ အတွက်အချက်ပညာတွင် အထူးကျွမ်းကျင်ခြင်းနှင့် ရှင်းရှင်းလင်းလင်း စိတ်ကူးနိုင်သော ဉာဏ်စွမ်းတို့အား ဒီဗလားရားသည် စစ်အတတ်ပညာရပ်များကို ထူးချွန်စွာ ဆောင်ရွက်နိုင်ခဲ့လေသည်။

အိုင်ရစ် အပျော်တမ်းရဲအဖွဲ့ကို နောက်ကနေ၍ အားပေးနေသော အဖွဲ့မှာ အိုင်ရစ်သမ္မတ သွေးသောက်များ အဖွဲ့ကြီးဖြစ်လေသည်။ ၎င်းအဖွဲ့မှာ ရှေးအခါကပင် အင်္ဂလိပ်အုပ်စိုးခြင်းကို တွန်းလှန်ဖြိုဖျက်ရန် ဖွဲ့စည်းခဲ့သော လျှို့ဝှက်သော အသင်းတစ်ခုဖြစ်လေသည်။ ၎င်းအသင်း၏ နည်းစနစ်မှာ လျှို့ဝှက်စွာ စီမံ၍ စွမ်းဆောင်နိုင်မည့် ပုဂ္ဂိုလ်များကို လိုက်လံ စုဆောင်းသိမ်းသွင်းပြီးလျှင် အင်္ဂလိပ်အုပ်စိုးခြင်းကို တိုက်ခိုက်တွန်းလှန်၍ အိုင်ယာလန်ကို လွတ်လပ်သော သမ္မတနိုင်ငံအဖြစ် တည်ထောင်ရန် ရည်ရွယ်ခြင်းဖြစ်လေသည်။

၁၉၁၅ ခုနှစ်လောက်မှစ၍ အိုင်ယာလန်နိုင်ငံမှာ တစ်တိုင်းပြည်လုံး မငြိမ်မသက် လှုပ်လှုပ်ရွရွ ဖြစ်၍နေကြလေသည်။ ထိုအခါတွင် အမေရိကန်နိုင်ငံတွင်လည်း Friend of Irish Freedom ခေါ် အိုင်ရစ်လူမျိုးတို့ လွတ်လပ်ရေးကို အားပေးသူများအဖွဲ့ကို တည်ထောင်ကြလေသည်။ ထိုသူများမှာ အင်္ဂလိပ်အစိုးရတို့ ဖိစီးနှိပ်စက်ခြင်းကို မခံမရပ်နိုင်၍ လွတ်လပ်ရာ အမေရိကန်သမ္မတနိုင်ငံသို့ သွားရောက်နေထိုင်ပြီးလျှင် တချို့မှာလည်း ထိုအရပ်၌ စီးပွားဖြစ်ထွန်း ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝသော အဖြစ်သို့ ရောက်နေသူများဖြစ်ကြလေသည်။ ထိုအဖွဲ့မှာ မိမိတို့၏

mgyoe.com

mgyoe.com


သွေးသားများဖြစ်သော အိုင်ယာလန်ရှိ အမျိုးသားတို့ လွတ်လပ်ရေးကို တတ်နိုင်ရာဘက်မှ အားပေးကြရန် ရည်ရွယ်၍ ဖွဲ့စည်းသောအသင်း ဖြစ်လေသည်။

ဒီဗလားရားမှာ မည်သည့်ကိစ္စ၌မဆို စူးစမ်းဆင်ခြင်၍ ပြုတတ်သောသဘောရှိသည့်အလျောက် ပထမ၌ အပျော်တမ်းစစ်တပ်အဖွဲ့တွင် တာဝန်ခံနေရာ၌သော်လည်းကောင်း၊ 'အိုင်ရစ်သမ္မတသွေးသောက်' များအဖွဲ့တွင်သော်လည်းကောင်း မပါဝင်ခဲ့ချေ။ သို့ရာတွင် နောက်ဆုံးပါဝင်သော အခါမူကား သူတစ်ထူးထက် ထူးချွန်အောင် စွန့်စားဆောင်ရွက်လေသည်။

ထိုအခါက အိုင်ယာလန်နိုင်ငံရေးတွင် အလွန်အကြူး အယူမသီးသူ လူကြီးတချို့လည်း ရှိလေသေးသည်။ ၎င်းတို့မှာ အထူးသဖြင့် ပါလီမန်သို့ ဝင်ရောက်သော လူကြီးများဖြစ်၍ ၎င်းတို့၏ခေါင်းဆောင်မှာ 'ဂျွန်ရက်ဒမွန်' ဖြစ်လေသည်။ ထိုသူတို့၏သဘောမှာ အင်္ဂလိပ်ထိန်းနန်းလက်အောက်မှ မထွက်လိုဘဲ ထိုထိန်းနန်းအောက်တွင်ပင် ကိုယ့်နိုင်ငံကို ကိုယ်စီမံသော ဟုမ္မရူးအုပ်ချုပ်ခြင်းစနစ်ဖြင့် နေလိုသူများ ဖြစ်ကြလေသည်။ ၁၉၁၄ ခုနှစ်တွင် ရက်ဒမွန်က အပျော်တမ်းစစ်တပ်အဖွဲ့ကို ခေါင်းဆောင်ပြုလုပ်လျက် ရှိလေ၏။ သို့ရာတွင် ၎င်း၏နည်းစနစ်တို့ကို တချို့က သဘောမတူဘဲ ရှိနေကြလေသည်။ ၁၉၁၄ ခုနှစ်တွင် ကမ္ဘာစစ်ကြီး ဖြစ်လာပြီးသော် စက်တင်ဘာလတွင် ၎င်းက အိုင်ရစ်အပျော်တမ်းရဲတပ်သားများအား ထိုစစ်တွင်ကူညီရန် စကားပြောလေရာ ၎င်းနှင့်သဘောမတူသူတို့သည် ခွဲ၍ ထွက်ခဲ့ကြလေသည်။ ထိုသို့ခွဲထွက်ရာတွင် အထက်တန်းဗိုလ်မှူး၊ တပ်မှူးများပါရှိရကား ၎င်းတို့အဖွဲ့သို့ လူသစ်အများ ဝင်ရောက်လာကြ၍ အားအင်တိုးတက်လာလေသည်။ ထို့ကဲ့သို့ဖြစ်နေသည်အတွင်း အင်္ဂလိပ်တို့က ၎င်းတို့ကို ဖမ်းဆီးခြင်း၊ ထောင်တန်း

mgyoe.com

mgyoe.com


ချခြင်း စသော ဖိနှိပ်ခြင်းများပြုလုပ်ကြရာ သာ၍ပင် မခံချင်စိတ်များ တိုးတက်လာပြန်လေသည်။ ထိုအခါ၌ အိုင်ရစ် အပျော်တမ်းရဲတပ်ဖွဲ့ကို အိုင်ရစ်သမ္မတ သွေးသောက်များအဖွဲ့ကြီးက လုံးလုံးလျားလျား အုပ်ချုပ် လျက်ရှိလေသည်။

အပေါ်ယံတွင် ငြိမ်သက်သကဲ့သို့ရှိသော်လည်း အတွင်းစာတ်တွင် မခံမရပ်နိုင်သော စိတ်သဘောတို့က ပေါက်ကွဲ၍ ထွက်တော့မည်မှာ မကြာတော့ပေ။ 'သမ္မတ ထူထောင်ရေးအဖွဲ့' ၏ ဝါဒမှာ သူပုန်ထခြင်း တစ်ခုသာလျှင် အိုင်ရစ်လူမျိုးတို့၏ လွတ်လပ်ရေးနည်းလမ်းရှိသည်ဟု အယူရှိ၍ ထိုကိစ္စအတွက် အမြဲပြင်ဆင်လျက် ရှိခဲ့လေသည်။ ထိုသို့ ပြင်ဆင်ရာတွင် အရေးကြီးသူမှာ 'ဆာရိုဂျာကော့(စ)မင့်' ဆိုသူတစ်ဦး ဖြစ်လေသည်။ ဆာရိုဂျာမှာ အင်္ဂလိပ်အုပ်ချုပ်ရေး အဖွဲ့ဝင်တစ်ဦးဖြစ်၍ မိမိအခွင့်အရေးများကို မိမိတိုင်းပြည်အတွက် ဆောင်ရွက်ရေးတွင် တတ် နိုင်သမျှ အသုံးပြုခဲ့လေသည်။ ၎င်းသည် ဂျာမနီပြည်ခေါင်းဆောင်များ နှင့်လည်းကောင်း၊ အမေရိကန်နိုင်ငံတွင် အိုင်ယာလန်အတွက် ဆောင် ရွက်နေသူ ခေါင်းဆောင်များနှင့်လည်းကောင်း ဆက်သွယ်၍ မိမိတို့ အရေးကိစ္စအတွက် ငွေနှင့် လက်နက်များရရှိရန် ဆောင်ရွက်လျက်ရှိလေ သည်။ ကော့(စ)မင့်သည် ဂျာမနီနိုင်ငံမှ ၁၉၁၆ ခုနှစ်၊ ဧပြီလတွင် ဂျာမန် ရေငုပ်သင်္ဘောတစ်ခုဖြင့် ထွက်ခွာလာ၍ အိုင်ယာလန်ပြည် 'ကာရီ' မြို့ တွင် 'ဂွတ်ဖရိုက်ဒေး' ခေါ်ဘုရားပွဲနေ့၌ ရောက်ရှိရာ ချက်ချင်းပင် အဖမ်း ခံရလေသည်။ ထိုအတောအတွင်း လက်နက်များတင်ဆောင်လာသည့် ဂျာမန်သင်္ဘော 'အော့(ဒ)' ကိုလည်း အင်္ဂလိပ် ကရူဇာ စစ်သင်္ဘော တစ်စင်းက တွေ့ရှိဖမ်းမိ၍ ၎င်း၏ကပ္ပတိန်က ဖောက်ခွဲ၍ ပစ်လိုက်လေ သည်။ သို့ကြောင့် ထိုအခါက ဂျာမနီမှ အကူအညီမှာ မအောင်မြင်ဘဲ ပျက်ပြားသွားရပြန်လေသည်။

mgyoe.com

mgyoe.com


သို့ရာတွင် နောက်တနင်္လာနေ့ 'အိစတာ မန်းဒေး' ဘုရားပွဲနေ့၌ အိုင်ရစ်ရဲတပ်သားများ ထကြွကြရန် အမိန့်ကို ထုတ်ဆင့်လိုက်လေသည်။ ဒီဗလားရား၏ သဘောတွင် ထိုအချိန်အခါတွင် ထကြွခြင်းမှာ မှားယွင်းသည်ဟု ထင်သော်လည်း အမိန့်အတိုင်း လိုက်နာဆောင်ရွက်ခဲ့ပေသည်။ ထိုကဲ့သို့ ထကြွရန် ပြင်ဆင်ထားနှင့်ရေးအတွက် စစ်သားအဖြစ် မပါမနေရ ဟူသော အင်္ဂလိပ်အစိုးရ၏ အမိန့်ကို ကန့်ကွက်ရန်ဟု ယိုးမယ်ဖွဲ့ပြီးလျှင် တစ်ရက် ကြိုတင်စုဆောင်း၍ တနင်္ဂနွေနေ့တွင် စစ်ရေးပြရန် စီမံခဲ့လေသည်။ သို့ရာတွင် ထိုအကြံအစည်ကို ရဲဗိုလ်ချုပ်ဖြစ်သော 'ပရိုဖက်ဆာမက်နီး' က ရိပ်မိသဖြင့် ထိုစစ်ရေးပြရန်ကို ပယ်ဖျက်ခဲ့လေသည်။ ထိုကဲ့သို့ ပယ်ဖျက်၍ ထကြွခြင်းမပြုရန် ၎င်းက ကြိုးစားခဲ့ခြင်းကြောင့် ၎င်း၏အမိန့်ကိုလည်း တချို့က နာယူကြသဖြင့် ထကြွခြင်း အင်အားမှာ လျော့ပါးခြင်း ဖြစ်ခဲ့ရလေသည်။

ထိုထကြွရန် ချိန်းဆိုထားသော တနင်္လာနေ့တွင် အိုင်ရစ်သမ္မတသွေးသောက်များအဖွဲ့ဝင်ခုနစ်ဦးတို့က လက်မှတ်ထိုး၍ ယာယီအစိုးရအဖွဲ့နှင့် သမ္မတနိုင်ငံ တည်ထောင်ပြီးကြောင်း ကြေညာချက်ထုတ်လိုက်လေသည်။ ထိုအခါ တစ်ချိန်တည်း အိုင်ရစ်ရဲတပ်ကလည်း ဒဗ္ဗလင်မြို့တော်ရှိ နေရာကောင်းများကို သိမ်းယူ၍ ဝိုင်းဝန်းရန် အမိန့်ထုတ်ဆင့်လိုက်လေသည်။ စာတိုက်ကြီးမှစ၍ အရေးကြီးသော အဆောက်အအုံကြီးများကို အလုံးစုံ သိမ်းပိုက်ယူငင်ထားကြရလေသည်။ ဒီဗလားရားမှာ 'ကွန်မင်ဒင့်' ဗိုလ်ကြီးအဖြစ်ဖြင့် တတိယ ဘတယ်လီယံစစ်တပ်ကို အုပ်ချုပ်ရ၍ 'ဝက်စလင်' မီးရထားဘူတာရုံ 'ဘိုလင်ဂျုံစက်ကြီး' ဘက်တစ်လျှောက်ကို သိမ်းပိုက်စောင့်ရှောက်ရန် တာဝန်ယူရလေသည်။

ထိုနေ့မှာ ထကြွရန်အတွက် သင့်လျော်သော နေ့တစ်နေ့ပင် ဖြစ်လေသည်။ ဘုရားပွဲအတွက်အလုပ်နားရက်ဖြစ်သဖြင့် အစိုးရစစ်တပ်

mgyoe.com

mgyoe.com


တို့မှ အခြားတစ်ပါး လည်ပတ်နေခိုက်ဖြစ်သဖြင့် ဒပ်ဗလင်မြို့တော်တွင်းရှိ စစ်တပ်မှာ လူအပြည့်အစုံ မရှိချေ။

တနင်္လာနေ့၊ အင်္ဂါနေ့ နှစ်ရက်စလုံးမှာ မပြတ် တိုက်ခိုက်ကြလျက်ရှိရာ မြို့တွင်း၌ဖြစ်သဖြင့် အရပ်သူအရပ်သားများလည်း အထိအခိုက်အသေအပျောက် အလွန်များပြားခဲ့လေသည်။ ကလေး၊ မိန်းမ လူကြီးမရွေး အတုံးအရုံး သေကျေပျက်စီးနေကြခြင်းမှာ ကြောက်မက်ဖွယ်ရာပင်ဖြစ်လေသည်။ အစိုးရစစ်တပ်တို့၏ စခန်းဖြစ်သော ရဲတိုက်ကို တိုက်ခိုက်ရာ မအောင်မြင်ချေ။ အကယ်၍ ထိုခံတပ်စခန်းကိုသာ သိမ်းပိုက်မိလျှင်သူပုန်တို့ အမှန်အောင်မြင်ရန် အကြောင်းရှိလေသည်။

ဗုဒ္ဓဟူးနေ့တိုင်မှ အစိုးရ၏ ဗြိတိသျှစစ်တပ်များ ပြန်လည်ရောက်လေရာ ၎င်းတို့သည် မြို့တွင်းသို့ လေးယောက်စီတန်းလျက် ဝင်လာခြင်းမှာ များစွာမှားယွင်းလေသည်။ ထိုကဲ့သို့ဝင်လာခြင်းအတွက် အဆောက်အအုံများပေါ်မှ ပစ်ခတ်ကြသော သူပုန်တို့လက်ချက်ဖြင့် အများအပြားပင် ကျဆုံးကြလေသည်။ ထိုတိုက်ခိုက်ခြင်းမှာ စနေနေ့တိုင်မှ အစိုးရဘက်မှ အောင်နိုင်လေသည်။ ထိုနေ့တွင် ဒီဗလားရား၏ တပ်မှလွဲ၍အားလုံးသော သူပုန်စစ်တပ်တို့မှာ လက်နက်ချအပ်ကြလေပြီ။ ဒီဗလားရား၏တပ်မှာ အခြားတပ်အားလုံးတို့၏နောက် နှစ်ဆယ့်လေးနာရီတိုင်ခုခံနေပြီးမှမတတ်သာ၍ လက်နက်ချအပ်ရလေသည်။ ထိုသို့ အပ်နှင်းရာတွင် ဒီဗလားရားနှင့် အခြားသူတစ်ဦးတို့ ဝင်ရောက်လာရာ မည်သူမှမမှတ်မိနိုင်လောက်အောင် ဖုန်အလိမ်းလိမ်းနှင့် ညစ်ပတ်၍နေလေသည်။ ၎င်းနှင့်ပါလာသူမှာ သူပုန်တို့က ဖမ်းဆီးထားခဲ့သော အစိုးရစစ်သားတစ်ဦး ဖြစ်လေသည်။ ရှေးဦးစွာ သူနာများကို ပြုစုနေသော ဆရာဝန်တစ်ဦးဖြစ်သူ 'ဒေါက်တာမိုင်းကီယော့(ဂ)' နှင့်တွေ့၍ ၎င်းက မည်သူများဖြစ်ကြသည်ကို မမှတ်မိသဖြင့် မေးမြန်း၍ ဒီဗလားရားက မိမိနာမည်ကို

mgyoe.com

mgyoe.com


ထုတ်ဖော်ပြောမှ သိလေသည်။ ထိုဆရာဝန်က စစ်ဘက်ဆိုင်ရာသို့ လက်နက်ချအပ်လို၍ လာရောက်ကြောင်း သွား၍ ပြောဆိုခေါ်ယူရလေသည်။ ထိုသို့အပ်ရသောအခါ ဒီဗလားရားမှာ ရှေ့ဆုံးက ထွက်လာပြီးလျှင် ၎င်း၏လူတစ်ရာမှာ နောက်ကလိုက်ပါလာလေသည်။ ဒီဗလားရားက ၎င်း၏လူများကို ရပ်တံ့ရန်အမိန့်ပေးပြီးလျှင် စစ်ဘက်ဆိုင်ရာ အရာရှိများအား 'သင်တို့သည် ကျွန်ုပ်ကိုမူကား ပစ်သတ်လိုက ပစ်သတ်နိုင်ပါသည်။ သို့ရာတွင် ယခုလက်နက်များကို အပ်နေစဉ် ကျွန်ုပ်၏လူများကို တစ်စုံတစ်ရာ နှိပ်စက်ကလူမပြုရ' ဟု တင်းမာစွာပင် ပြောလေသည်။ ထိုအချိန်အတွင်း ဒီဗလားရားမှာ အငြိမ်မနေနိုင် ဟိုမှသည်မှလျှောက်လျက် 'အရပ်သားများသာ တုတ်၊ ဓား၊ လက်နက်များနှင့် ထွက်၍ ကူတိုက်လျှင် ကေန်နေရာကျမှာပဲ' ဟု ပါးစပ်က တတွတ်တွတ်ရွတ်လျက်နေလေသည်။

သမ္မတနိုင်ငံ တည်ထောင်ရေးစာတမ်းကို တာဝန်ခံလက်မှတ်ထိုးသူ ခုနစ်ဦးတို့မှာ စစ်ဆေးမေးမြန်းခြင်းမရှိ ချက်ချင်းပင် ဆွဲထုတ်၍ ပစ်သတ်ခြင်း ခံရလေတော့သည်။ ထိုသူတို့မှာ ဥပဒေနည်းလမ်းအရ မိမိတို့အတွက် ချေပရန်အခွင့်အရေး လုံးလုံးမရရှိတော့ပေ။ ထိုအခါက ရက်စက်ပုံမှာ အသတ်ခံရသူတို့အနက် 'ကွန်နော်လီ' ဆိုသူသည် တိုက်ခိုက်ရာတွင် ဒဏ်ရသဖြင့် လူနာတင်ကုလားထိုင်နှင့် တင်ဆောင်လာပြီးလျှင် ပစ်သတ်လိုက်လေသည်။ သူပုန်နှစ်ရာခန့်တို့မှာ တစ်သက်တစ်ကျွန်းပို့ဒဏ်နှင့် အခြားနှစ်ထောင်ခန့်တို့မှာ တိုင်းပြည်မှနှင်ထုတ်ခြင်းဒဏ်ကို ခံရလေသည်။

ဒီဗလားရားသည်လည်း မိမိကိုယ်ကို သေစာရင်းတွင် အသေအချာ သွင်းပြီးလျှင် မိမိ၏ပစ္စည်းဥစ္စာများကိုပင် နောက်အမှတ်အသားလက်ဆောင်အဖြစ် သူငယ်ချင်းမိတ်ဆွေများသို့ ဝေငှပေးကမ်းပြီးလေပြီ။

mgyoe.com

mgyoe.com


နောက်ဆုံး ၎င်းကို စစ်ဆေးစီရင်မည့် စစ်ရုံးရှေ့သို့သွားသောအခါ အလွန်ချစ်ခင်သော သူငယ်ချင်း 'ဘက်အိုကွန်နော်'* ဆိုသူအား မိမိလက်ကို သေနတ်ပစ်သည်နှင့် တူအောင်လုပ်ပြပြီးလျှင် 'ငါတော့ သည်ဟာကို အသေအချာ မျှော်လင့်ပြီးပါကွာ' ဟု ပြော၍ ထွက်သွားလေသည်။ သို့ရာတွင် စီရင်ချက်ချသောအခါတွင် ၎င်းအား တစ်ကျွန်းဒဏ်ကိုသာ ပေးလိုက်သဖြင့် ၎င်းကိုယ်တိုင်ပင် များစွာ အံ့အားသင့်သွားလေသည်။ စင့်စစ်မှာကား ဒီဗလားရားသည် ကျွန်ုပ်တို့ အထက်ကပြောခဲ့သည့် အတိုင်း ဇာတိအားဖြင့် အမေရိကန် ကျေးတော်မျိုး ကျွန်တော်မျိုးဖြစ်နေ၍ သေဒဏ်အပြစ်မှ ချမ်းသာရာရခဲ့လေသည်။

အမျိုးသားတို့၏ အစိမ်း၊ အဖြူ၊ အနီ၊ သုံးရောင်ခြယ်အလံလည်း ပြုတ်ကျခဲ့လေပြီ။ လက်နက်အင်အားမမျှ၍ သူ့ကျွန်ဘဝသို့ ရောက်နေရသောသူတို့ ဓမ္မတာအတိုင်း အုပ်စိုးသူတို့ကို ခုခံတွန်းလှန်မှုကြောင့် အချုပ်အနှောင် ထောင်တန်းလည်းကျသည့်အပြင် အသက်သေခြင်းတို့ကို ခံကြရလေပြီ။ ပြည်သူပြည်သားတို့မှာလည်း သွေးပွက်များထဲတွင် ကြောက်မက်ဖွယ် ပျက်စီးကြရလေပြီ။ သို့ရာတွင် အလျှော့မပေးဘဲ လွတ်လပ်ရေး တိုက်ပွဲတွင် မည်ကဲ့သို့ စခန်းသွားသည်ကို ကြည့်ကြဦးစို့။

၀

---

* နဂါးနီမှထုတ်ဝေသော 'ကျွန်ုပ်နှင့် မိုက်ကယ်ကောလင်း' စာအုပ်ကို ရေးသားသူ ဖြစ်သည်။

mgyoe.com

mgyoe.com

# အခန်း [ ၄ ]
# ဒီဗလားရား နှင့် ပထမထောင်

ထောင်သည် လူဆိုးကို လူကောင်းဖြစ်စေရန် ရည်ရွယ်ချက်ရှိသည်ဟု အုပ်ချုပ်သူတို့က ဆို၏။ သို့ရာတွင် ယခုနည်းစနစ်အရ စီမံထားသောထောင်သည် အများအားဖြင့် အတော်အသင့်ဆိုးသောသူကို တကယ့်လူဆိုးကြီး ဖြစ်စေတတ်၏။ ထိုအတိုင်းပင် 'ဒတ်မိုး' ထောင်က ထွက်သော လူများအနက် ထောင်ကျခြင်းသည် နောင် မိမိအသက်မွေးမှုအတွက် အသုံးကျပေသည်ဟု ပြောနိုင်သူ မရှိသလောက် ရှားပေ၏။ သို့ရာတွင် 'အာမွန်ဒီဗလားရား' မှာ ထောင်ကျခြင်းကြောင့် မည်သို့အကျိုးကျေးဇူးရှိသည်ကို ကြည့်ကြစို့။

ဒတ်မိုးထောင်သို့ ရောက်၍ မကြာမီပင် ဒီဗလားရားမှာ အလွန်အရေးကြီးသောအလုပ် စ၍လုပ်ရလေတော့သည်။ ၎င်းအလုပ်မှာ ထောင်သားများအားလုံး ပုန်ကန်ရန်ပင် ဖြစ်ပေသည်။ သို့နှင့် အစိုးရက သူ့အား မိတ်စတုံးထောင်သို့ ပြောင်း၍ထားပြန်လေသည်။ ထိုထောင်၌လည်း မိမိအလုပ်ဝတ္တရားမပျက်စေဘဲ ပုန်ကန်ရေး ဆက်လက် ဆောင်ရွက်လျက်နေပြန်သော် သူ့ကိုပြောင်းတိုင်း ထောင်သားများ ပျက်စီးရန်ဖြစ်၍နေလေသည်။ ဒီဗလားရားသာမဟုတ် အိုင်ရစ်လူမျိုးများမှာ အနည်းအများ မိမိတို့ရောက်ရာထောင်တို့၌ လှုံ့ဆော်၍နေကြလေသည်။ ထိုအခါ

mgyoe.com

mgyoe.com


အစိုးရအရာရှိတို့ စဉ်းစားသည်ကား အိုင်ရစ်ဟူသော သတ္တဝါသည် ပင်ကိုဇာတိလူမျိုးအဖြစ်ကပင် ဆိုးသွမ်းလှလေပြီ။ ထိုထက်တစ်ဖန် အိုင်ရစ်လူမျိုးလည်းဖြစ်ပြန် အကျဉ်းသားလည်းဖြစ်မည်ဆိုလျှင် ရစရာ ပင် ရှိတော့မည် မဟုတ်ချေ။ သို့အတွက် ၎င်းတို့ကို အခြား အကျဉ်းသား များနှင့် ရောနှော၍ထားလျှင် ထိုအခြားအကျဉ်းသားများလည်း ၎င်းတို့နှင့် လိုက်လျော၍ ပျက်စီးကုန်ရန်သာ ရှိတော့သည်။ သို့အတွက် ၎င်းတို့ကို ထောင်တစ်လုံးတွင် သီးသန့်ထည့်ထားကြည့်ရလျှင်ကောင်း၏ဟု ဆင်ခြင်တော်မူကြပြီးလျှင် အိုင်ရစ်အကျဉ်းသားအားလုံးတို့ကို 'လူဝစ်' ထောင်တွင် သီးသန့်စုပေါင်း၍ ချထားကြလေ၏။

ထိုထောင်သို့ အိုင်ရစ်လူမျိုးများချည်း စုပေါင်း၍နေမိသောအခါ အစိုးရတို့အား သာ၍ခက်ရန်အကြောင်း ဖြစ်ပေါ်လာလေသည်။ အဘယ် ကြောင့်ဆိုသော် ထိုအခါကျမှ တရားမဟောရဘဲ ဝါဒတူအားလုံး ပေါင်းမိ ကြသဖြင့် တစ်ထောင်လုံး အသင်းတည်ထောင်ပြီး ဖြစ်၍နေလေသည်။ ထို့ကဲ့သို့ အသင်းတည်ထောင်ပြီးလျှင် အလုပ်လုပ်ရန်အတွက် တလုံး တစည်း တညီတညွတ်တည်းဖြစ်စေရန် အသင်းအုပ်ချုပ်ရေးဥပဒေမှာ စစ်ဥပဒေအတိုင်းထားရှိရန် သဘောတူညီကြပြီးလျှင် အမှုဆောင်လူကြီး များမှာလည်း အထက်က စစ်ထဲတွင် ရာထူးအဆင့်အတန်းအတိုင်း ထား ကြရန် သဘောတူညီကြလေ၏။ ၎င်းတို့အထဲတွင် ဒီဗလားရားမှာ စစ် အတွင်း၌ စစ်ဗိုလ်တစ်ဦးဖြစ်ခဲ့၍ ရာထူးအကြီးဆုံးယူရမည့်သူ ဖြစ်လေ သည်။ သို့ရာတွင် ဒီဗလားရားက အသင်းစည်းကမ်းထုံးစံအရ ဆန္ဒမဲ ပေး၍ တင်မြှောက်ရမည်ဆိုသဖြင့် ထောင်အသင်းက ဆန္ဒမဲရွေးချယ်ပွဲ ပြုလုပ်ရာ သဘောမတူသည့်မဲ တစ်ခုမျှမပါလာဘဲ အားလုံး တညီ တညွတ်တည်း ခေါင်းဆောင်တင်မြှောက်ကြလေသည်။

တစ်ထောင်လုံးရှိ အကျဉ်းသားများ ဝံသာနုအသင်းတစ်ခုဖြစ်နေ

mgyoe.com

mgyoe.com


သည့် ထောင်တွင် ထောင်အရာရှိတို့နှင့် မကြာမီ အငြိအစွန်းရှိလာရမည်မှာ မလွဲနိုင်သည့်အတိုင်း တစ်နေ့သ၌ တစ်ဦးသော အကျဉ်းသားက အလုပ်လုပ်နေစဉ် စကားပြောသော ထောင်ဥပဒေကို ကျူးလွန်သည့်အပြစ်ကြောင့် 'ထမင်းနှင့် ရေကိုသာ စားသောက်စေသည့် အပြစ်ဒဏ်ကို အပေးခံရလေသည်။ ထိုအခါ ဒီဗလားရားက အားလုံး အလုပ်ကိုသပိတ်မှောက် ရပ်စဲရန် အမိန့်ထုတ်လိုက်ရာ တညီတညွတ်တည်း အလုပ်ရပ်စဲလျက် နေကြလေ၏။ ဤကဲ့သို့ တစ်ထောင်လုံး ညီညွတ်လျက် ရှိလတ်သော် ထောင်မှူးသည် ထိုထက်ဆိုးရွား သောင်းကျန်းလာမည် စိုးရိမ်သဖြင့် အလျှော့ပေး၍ အပြစ်ပေးခံရသော အကျဉ်းသားကို အပြစ်မှလွှတ်လိုက်လေ၏။ ၎င်းအကြောင်းကို အင်စပက်တော် သိသောအခါ လျှော့၍ပေးခြင်းအတွက် ထောင်မှူးအား အပြစ်တင်ကြိမ်းမောင်းပြီးလျှင် ထောင်စည်းကမ်းဥပဒေများကို တိုးတက်ကျပ်တည်းစွာ လိုက်နာစေရန် ဆင့်ဆိုလေ၏။ ထိုကဲ့သို့ အတင်းအကျပ်ပြုခြင်းကို ဒီဗလားရားက မခံဘဲ ထောင်သားများအား မည်သည့်အလုပ်ကိုမျှ မလုပ်ကြရန် အမိန့်ပေးလိုက်ရာ မည်သူမျှ အလုပ်မဆင်းဘဲ ငြိမ်းပယ်ကြလေသည်။ ဤကဲ့သို့ ညီညွတ်ကြခြင်းအားဖြင့် ၎င်းတို့မှာ အတန်ကြာပင် ဖိနှိပ်ခြင်းမခံရဘဲ အေးဆေးစွာနေကြလေသည်။ ထိုအကြောင်းများကြောင့် ဒီဗလားရား၏ နာမည်သည် မကြာမီ ကျော်ကြားလာ၏။ အိုင်ယာလန်တွင် ကျန်ရစ်သော ခေါင်းဆောင်များက 'ပျိုးဇက်မက်ဂင်းနက်' ခေါ် အခြားအကျဉ်းသားတစ်ဦးကို ဆင်ဖိန်းအသင်းမှ ပါလီမန်သို့ ကိုယ်စားလှယ်လူကြီးအဖြစ် တင်မြှောက်ရန် စီမံဖန်တီးကြလေ၏။

ဒီဗလားရားက ဤအခါတွင် မိမိ၏တန်ခိုးကိုထင်ရှားပြရန် အချိန်ရောက်ပြီဟု ဆုံးဖြတ်ပြီးလျှင် လူဝစ်ထောင်မှူးကြီးအား ၎င်းတို့သည် ရာဇဝတ်မှု ရိုးရိုးကျူးလွန်သူ အကျဉ်းသားများမဟုတ်သဖြင့် ရာဇဝတ်

mgyoe.com